# Fourth Sunday in Ordinary Time - C

**1st READING:** ***Jer 1:4-5, 17-19***

ယေရမိအနာဂတ္တိကျမ်း 1:4-5, 17-19

ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်၍ မိန့်တော်မူသည်ကား၊ သင့်ကို အမိဝမ်းထဲ၌ ငါမဖန်ဆင်းမီသင့်ကိုငါသိပြီ။ မဘွားမီကပင်သင့်ကိုငါသန့်ရှင်းစေ၍၊လူအမျိုးမျိုးတို့အဘို့၊ ပရောဖက်အရာ၌ခန့်ထားပြီဟုမိန့်တော်မူ၏။ သို့ဖြစ်၍သင်သည်ခါးပန်းကိုစီး၍ထလော့။ ငါမှာထားသမျှကိုသူတို့အား ဟောပြောလော့။ သူတို့ရှေ့မှာသင့်ကိုငါအရှက်မခွဲရမည်အကြောင်းသူတို့ကိုမကြောက်နှင့်။ ကြည့်ရှုလော့။ ယုဒရှင်ဘုရင်၊ မင်းသား၊ ယဇ်ပုရောဟိတ်၊ပြည်သူပြည်သားတည်းဟူသောတနိုင်ငံလုံးတဘက်၌၊ ခိုင်ခံ့သောမြို့၊ သံတိုင်၊ ကြေးဝါထရံအရာ၌သင့်ကိုယနေ့ငါခန့်ထား၏။ သူတို့သည်သင့်ကိုစစ်တိုက်၍ မနိုင်ရကြ။ သင့်ကိုကယ်နှုတ်ခြင်းငှါ၊ သင်နှင့်အတူငါရှိသည်ဟုထာဝရဘုရားမိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalms  71:1-2, 3-4, 5-6, 15-17
## ဆာလံကျမ်း ၇၁

**သံပြိုင်။** ။ တပည့်တော်သည်ကိုယ်တော်၏ကယ်တင်တော်မူခြင်းကျေးဇူးတော်များကိုဟောကြားပါမည်။

**၁။** ။ အိုထာဝရဘုရား၊ ကိုယ်တော်၌တပည့်တော်ခိုလှုံပါ၏။ တပည့်တော်၌မည်သည့်အခါမျှအရှက်ကွဲခြင်းမရှိရပါစေနှင့်။ ကိုယ်တော်ရှင်၏တရားမျှတတော်မူခြင်းအားဖြင့်တပည့်တော်ကိုရွေးနှုတ်၍၊ ကယ်တင်တော်မူပါ။ ကိုယ်တော်သည်တပည့်တော်ကိုနားညောင်းတော်မူ၍ကယ်တင်တော်မူပါ။ **(သံပြိုင်)**

**၂။** ။ ကိုယ်တော်သည်တပည့်တော်ကိုကယ်တင်ရန်အတွက်ခိုလှုံရာကျောက်ဆောင်၊ ခိုင်ခန့်သောရဲတိုက်ဖြစ်တော်မူပါ။ အကြောင်းမူကား၊ ကိုယ်တော်သည်တပည့်တော်၏ကျောက်ဆောင်တပည့်တော်၏ရဲတိုက်တော်ဖြစ်ပါ၏။ အိုတပည့်တော်၏ဘုရားသခင်၊ ယုတ်မာသောသူတို့၏လက်မှလည်းကောင်း၊ မတရားရက်စက်ကြမ်းကြုတ်သောသူတို့၏ချုပ်ကိုင်မှုမှလည်းကောင်း၊ တပည့်တော်ကိုကယ်တင်တော်မူပါ။ **(သံပြိုင်)**

**၃။** ။ အိုအရှင်၊ ထာဝရဘုရား၊ ကိုယ်တော်ရှင်သည်တပည့်တော်၏မျှော်လင့်ရာ၊ တပည့်တော်ငယ်ရွယ်စဉ်မှစ၍ယုံကြည်အားထားရာဖြစ်တော်မူပါ၏။ တပည့်တော်သည်မွေးစကပင်ကိုယ်တော်ကိုမှီခိုအားထားခဲ့ပါပြီ။ တပည့်တော်ကိုအမိဝမ်းထဲမှခေါ်ဆောင်ခဲ့သူမှာကိုယ်တော်သာလျှင်ဖြစ်ပါ၏။ ကိုယ်တော်ကိုအစဉ်မပြတ်ချီးမွမ်းထောမနာပြုပါမည်။ **(သံပြိုင်)**

**၄။** ။ တပည့်တော်၏နှုတ်ခမ်းများသည်ကိုယ်တော်၏ဖြောင့်မတ်တော်မူခြင်းနှင့်ကယ်တင်တော်မူခြင်းကျေးဇူးတော်များကိုတစ်နေ့လုံးဟောကြားပါမည်။ ကျေးဇူးတော်များသည်ရေတွက်၍မကုန်နိုင်ပါ။ အရှင်ထာဝရဘုရား၏ဘုန်းတန်ခိုးတော်များကိုချီးမွမ်းလျက်ရှေ့တော်မှောက်သို့တပည့်တော်လာရောက်ပါမည်။ ကိုယ်တော်၏ဖြောင့်မတ်တော်မူခြင်းကျေးဇူးကိုသာလျှင်တပည့်တော်ချီးမွမ်းပါမည်။ **(သံပြိုင်)**

## 2nd READING: *1 Cor 12:31-13:13*

ကော်ရင့်သုဩဝါဒပထမစာစောင် ၁၂း၃၁–၁၃း၁၃

ညီအစ်ကိုတို့၊ပို၍တန်ဖိုးရှိသည့်ဆုကျေးဇူးများကိုလိုလားစွဲလမ်းကြလော့၊သို့ရာတွင်အမွန်မြတ်ဆုံးကိုငါဖော်ပြပေအံ့။ ငါသည်လူ့ဘာသာစကားများသာမကကောင်းကင်တမန်ဘာသာစကားများကိုပင်ပြောနိုင်သော်လည်းမေတ္တာမရှိလျှင်ဆူညံသောမောင်းသံကဲ့သို့လည်းကောင်း၊ လင်းကွင်းကဲ့သို့လည်းကောင်းဖြစ်၏။ ငါသည်ပရောဖက်ဉာဏ်ကို၍နက်နဲသောအရာရှိသမျှနှင့်အတတ်ပညာရှိသမျှတို့ကိုနားလည်တတ်ကျွမ်းပြီး၊ တောင်များကိုရွှေ့နိုင်သောယုံကြည်ခြင်းမျိုးရှိသော်လည်းမေတ္တာမရှိလျှင်ငါသည်အချည်းအနှီးသက်သက်ဖြစ်၏။ ငါ၏ဥစ္စာရှိသမျှကိုဆင်းရဲသားတို့အားပေးကမ်းစွန့်ကြဲသည်သာမကငါ၏ကိုယ်ခန္ဓာကိုမီးရှို့စေခြင်းငှာအပ်နှံပူဇော်သော်လည်းမေတ္တာမရှိလျှင်ငါ၌အကျိုးမရှိ။ မေတ္တာသည်စိတ်ရှည်တတ်၏ကြင်နာသနားတတ်၏။ မနာလိုစိတ်မရှိ၊မေတ္တာသည်ကြွားဝါခြင်းမရှိ၊ မာန်မာနမရှိ။ မေတ္တာသည်ရိုင်းပြသောအမှုကိုမပြုတတ်၊ ကိုယ်ကျိုးကိုမရှာတတ်၊ဒေါသမထွက်တတ်၊ မခံမရပ်နိုင်မဖြစ်တတ်။ မေတ္တာသည်မကောင်းမှုဒုစရိုက်၌ဝမ်းမြောက်ခြင်းမရှိတတ်၊ သို့သော်လည်းသမ္မာတရား၌ဝမ်းမြောက်တတ်၏။ မေတ္တာသည်အရာရာကိုခံထမ်းနိုင်၏။ မေတ္တာသည်အရာရာကိုမျှော်လင့်၏။ အရာရာကိုသီးခံတတ်၏။ မေတ္တာသည်ထာဝစဉ်တည်၏။ ပရောဖက်ဟောချက်များသည်ပျောက်ကွယ်သွားလတ္တံ့၊ဘာသာစကားအမျိုးမျိုးတို့ပြောနိုင်သောလျှာတို့သည်တိတ်ဆိတ်သွားလတ္တံ့၊ အသိပညာအားလုံးတို့သည်ကွယ်ပျောက်သွားလတ္တံ့။ ငါတို့၏အသိပညာနှင့်ဗျာဒိတ်တော်အားဖြင့်ဟောပြောနိုင်သောစွမ်းရည်တို့သည်မစုံလင်ပေ။ သို့ရာတွင်စုံလင်သည့်အရာရောက်ရှိလာသောအခါ၌မူကား၊ မစုံလင်သောအရာသည်ကွယ်ပျောက်လိမ့်မည်။ ငါသည်ကလေးသူငယ်ဖြစ်စဉ်အခါက၊ ကလေးသူငယ်ကဲ့သို့စကားပြော၏။ ကလေးသူငယ်ကဲ့သို့ခံစားရ၏။ ကလေးသူငယ်ကဲ့သို့စဉ်းစားဆင်ခြင်၏။ ငါသည်ကြီးပြင်းလာသောအခါမူကားကလေးသူငယ်၏အလေ့အထများကိုငါပယ်ရှား၏။ ယခုငါတို့သည်ကြည့်မှန်တွင်ပေါ်လာသည့်ပုံသဏ္ဌာန်ကိုမြင်ရသကဲ့သို့မထင်မရှားတွေ့မြင်ကြရ၏။ ထိုအခါ၌မူကားမျက်ဝါးထင်ထင်တွေ့မြင်ရလတ္တံ့၊ ယခုအခါငါတို့သည်စုံလင်စွာမသိမမြင်ရ၊ ထိုအခါ၌ကားဘုရားသခင်သည်ငါတို့ကိုစုံလင်စွာသိမြင်တော်မူသကဲသို့ငါသည်စုံလင်စွာသိမြင်ရလိမ့်မည်။ ယခုအခါတွင်ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်းတည်းဟူသောပါရမီသုံးပါးတို့သည်တည်လျှက်ရှိ၏။ ဤသုံးပါးတို့တွင်ချစ်ခြင်းမေတ္တာသည်အမြတ်ဆုံးဖြစ်သတည်း။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Lk 4:21-30***

ရှင်လုကာဧဝံဂေလိကျမ်း ၄း၂၁–၃၀

ကိုယ်တော်ကလည်းယခုသင်တို့ကြားရသောကျမ်းစကားသည်ယနေ့ပင်ပြည့်စုံခြင်းသို့ရောက်လေပြီဟုမိန့်တော်မူ၏။ လူအပေါင်းတို့သည်ကိုယ်တော်ကိုချီးမွမ်းပြောဆိုကြ၍၊ ကိုယ်တော်၏နှုတ်တော်မှထွက်လာသောတင့်တယ်လျောက်ပတ်သည့်စကားများကိုအံ့သြကြလျက်ဤသူသည်ဂျိုးဇက်၏သားမဟုတ်လောဟုမေးကြ၏။ ကိုယ်တော်ကလည်းအချင်းဆေးသမားသင့်ကိုသင်ကုသပါလောဟူသောဆိုရိုးစကားနှင့်အညီငါတို့ကြားသိရသည့်အတိုင်းကာဖာနာအုမ်မြို့တွင်ပြုခဲ့သောအမှုတို့ကိုသင်၏နေရင်းမြို့မှာလည်းပြုပါဟုငါ့အားသင်တို့ပြောဆိုကြလိမ့်မည်။ သို့သော်သင်တို့အားငါအမှန်ဆိုသည်ကားမည်သည့်ပရောဖက်မျှမိမိနေရင်းမြို့၌မျက်နှာမရချေ။ သင်တို့အားငါအမှန်ဆိုသည်ကားပရောဖက်ဧလိယလက်ထက်၌ကောင်းကင်သည်သုံးနှစ်နှင့်ခြောက်လပတ်လုံးပိတ်လျက်ရှိ၍နိုင်ငံတစ်ဝှမ်းလုံးတွင်ကြီးစွာသောအစာငတ်မွတ်ခေါင်းပါးခြင်းဘေးဆိုက်ရောက်သောအခါကာလ၌အစ္စရေးလ်ပြည်တွင်မုဆိုးမများစွာရှိကြ၏။ သို့သော်လည်းဘုရားသခင်သည်ပရောဖက်ဧလိယကိုဆီဒုံနယ်၊ ဇာရေဖတ်မြို့ရှိမုဆိုးမတစ်ဦးထံသို့တစ်ပါး၊ အခြားသူများထံသို့စေလွှတ်တော်မမူခဲ့ပေ။ ပရောဖက်ဧလိယလက်ထက်၌အစ္စရေးလ်ပြည်တွင်အနာကြီးရောဂါစွဲသောသူများစွာရှိသော်လည်းမည်သူမျှပျောက်ကင်းချမ်းသာခွင့်မရခဲ့ကြ။ ဆီးရိယပြည်သားနာအာမန်တစ်ဦးတည်းသာလျှင်ပျောက်ကင်းချမ်းသာခွင့်ရခဲ့သည်ဟုမိန့်တော်မူ၏။ တရားဇရပ်တွင်ရှိသောလူအပေါင်းတို့သည်ထိုစကားကိုကြားသောအခါဒေါသအမျက်ပြင်းစွာထွက်ကြ၏။ သူတို့သည်ထ၍၊ ကိုယ်တော်ကိုမြို့ပြင်သို့နှင်ထုတ်ပြီးလျှင်မြို့တည်ရှိရာတောင်ထိပ်စွန်းမှဇောက်ထိုးတွန်းချခြင်းငှာခေါ်ဆောင်သွားကြ၏။ သို့ရာတွင်ကိုယ်တော်သည်သူတို့အလယ်မှရှောင်၍၊ ထွက်ကြွသွားတော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။